# မြန်မာ့အမျိုးသမီးသမဂ္ဂ

ဖေဖော်ဝါရီ ၂၀၂၆ ခုနှစ်

## ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှု အသုံးပြုပြီး အမျိုးသမီး "၅၅" ဦး အား သတ်ဖြတ်ခဲ့သည်။

တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် ပြည့်ခဲ့ပြီ ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေသည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများကြောင့် အသက်ဆုံးရှုံးနေရသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၅၅) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခု အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်း တင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။



| | |
|---|---|
| သေဆုံးသူ | ၅၅ |
| ထိခိုက်ဒဏ်ရာရသူ | ၅၄ |

### ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်





၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ကောင်ဂျာရွာအား အကြမ်းဖက် စစ်တပ်မှ ဗုံးကြဲတိုက်ခိုက်သည့် ဖြစ်စဉ် ဖြစ်သည်။ ထို ဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများတွင် အမျိုးသမီး (၈) ဦး ပါဝင်သည်။

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org

# အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရသူ အရေအတွက်

## အမျိုးသမီးသေဆုံးသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၅၅) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၆) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၇) ဦးနှင့် မတရား သတ်ဖြတ်ခံရမှုတို့ကြောင့် (၂) ဦး တို့ဖြစ်ကြသည်။

သေဆုံးသူ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ်များ အရေအတွက်




၄ ဦး

သေဆုံးသူများထဲမှ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အရေအတွက်



၂ ဦး

## အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အရေအတွက်




အမျိုးသမီး (၅၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုသို့ ထိခိုက် ဒဏ်ရာရရှိသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၁) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၃) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၅)ဦး၊ နှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၅) ဦး တို့ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြပုံ

| တိုင်း၊ ဒေသကြီး | သေဆုံးသူ အမျိုးသမီး အရေအတွက် |
|---|---|
| စစ်ကိုင်းတိုင်း | ၂၀ |
| ရခိုင်ပြည်နယ် | ၁၀ |
| ကချင်ပြည်နယ် | ၈ |
| ပဲခူးတိုင်း | ၄ |
| မကွေးတိုင်း | ၃ |
| မန္တလေးတိုင်း | ၃ |
| တနင်္သာရီတိုင်း | ၃ |
| မွန်ပြည်နယ် | ၂ |
| ကရင်ပြည်နယ် | ၁ |
| ချင်းပြည်နယ် | ၁ |




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများ ဦးရေသည် စစ်ကိုင်းတိုင်းမှ (၂၀) ဦး၊ ရခိုင်ပြည်နယ်မှ (၁၀) ဦး၊ ကချင်ပြည်နယ်မှ (၈) ဦးတို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဖြစ်သည်။